NEWS

THE CARTER CENTER

ONE COPENHILL ATLANTA, GA 30307

**FOR IMMEDIATE RELEASE**
**Feb. 1, 2016**
**Contact:** Soyia Ellison, soyia.ellison@cartercenter.org
Frederick Rawski, frederick.rawski@mail.cceom.org

# အမေရိကန်သမ္မတဟောင်းဂျင်မီကာတာမှမြန်မာနိုင်ငံအား ရွေးကောက်ပွဲအပြီးဒုတိယအကြိမ် လွှတ်တော်ပြန်လည်စတင်ခြင်းကို ချီးကျူးဂုဏ်ပြု၊ ကာတာစင်တာအနေဖြင့် ရွေးကောက်ပွဲအလွန်လေ့လာရေးလုပ်ငန်းများကိုဆက်လက်လုပ်ဆောင်လျက်ရှိ

ကာတာစင်တာအနေဖြင့်မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများ အား ရွေးကောက်ပွဲ အပြီးဒုတိယအကြိမ် လွှတ်တော်ပြန်လည်စတင်ခြင်းကို ချီးကျူးဂုဏ်ပြုလိုက်ပါသည်။ နိုဝင်ဘာလ ၈ ရက်ရွေးကောက်ပွဲရလာဒ်များကိုအခြေခံပြီး ထွက်ပေါ်လာသောကိုယ်စားလှယ်လောင်း များသည်မြန်မာနိုင်ငံ၏ဒီမိုကရေစီကူးပြောင်းရေး လမ်းစဉ်ကို ဆက်လက်လုပ်ဆောင်သွား မည်ဖြစ်သည်။

"ပြန်လည်စတင်လာမယ့် လွှတ်တော်အသစ် နဲ့ အတူ မြန်မာ နိုင်ငံဟာဆိုရင် ဒီမိုကရေစီကူးပြောင်းရေး လမ်းစဉ်များကို ဆက်လက် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။" ၊ သမ္မတဟောင်းဂျင်မီကာတာကပြောကြားခဲ့ပါသည်။ "စိမ်ခေါ်မှု တွေကတော့ရှိနေတုန်း ပါပဲ။ ငြိမ်းချမ်းရေး လမ်းစဉ်ကလည်းမပြီးသေးပါဘူး၊ လူမျိုးရေးနဲ့ဘာသာရေး ဆိုင်ရာ ခွဲခြား မှုတွေရှိနေဆဲဖြစ်ပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နဲ့စုဝေးခွင့်တွေမှာလည်း အတား အဆီး တွေရှိနေဆဲဖြစ်ပါတယ်၊ ကျွန်တော့ နေနဲ့ အခု ကိုယ်စားလှယ်လောင်း များ ကို မြန်မာနိုင်ငံ၏ဒီမိုကရေစီကူးပြောင်းရေး လမ်းစဉ်ကိုအားအင်အပြည့်နဲ့ဒီမိုကရေစီစစ်မှန်ပြီး လူ့အခွင့်အရေး အပြည့် အဝရရှိတဲ့ လမ်းစဉ်ကို ဆက်လက် လျှောက်လှမ်း သွားဖို့တိုက်တွန်းချင်ပါတယ်။" ဟုဆက်လက် ပြောကြားခဲ့ပါသည်။

သမ္မတဟောင်းဂျင်မီကာတာ သည်မြန်မာ နိုင်ငံကို ၂၀၁၃ ခုနှစ် ဧပြီ နှင့်မေလတွင်လာရောက်ခဲ့ပြီး၊ ကာတာစင်တာကို ၂၀၁၃ မှစတင် ပြီး ရန်ကုန် တွင်ရုံးဖွင့်ထားရှိခဲ့ပါပြီး ရွေးကောက်ပွဲကာလတွင်

လေ့လာစောင့်ကြည့်သူများ ၆၀ ကျော်ဖြင့် လေ့လာခဲ့ပြီး ကာတာစင်တာ၏ ရွေးကောက်ပွဲအလွန်သတင်းထုတ်ပြန်ချက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်ပွင့်လင်းမြင်သာ မှု အားအသိအမှတ်ပြုထားပြီး နိုင်ငံအနှံ့ ရွေးကောက်ပွဲမဲရုံ အများစုတွင် ဆန္ဒမဲကောက်ယူဆောင်ရွက်မှုအား ၉၅% အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့သော်လည်း ရွေးကောက်ပွဲဆိုင်ရာလုပ်ဆောင်မှု့အချို့တွင့်အပြည့်ပြည့်ဆိုင်ရာ ဒီမိုကရေစီစံနှုန်း ဖြင့် တိုင်းတာ ပါက အားနည်းချက်အချို့ ရှိနေပါသေးသည်။

ကာတာစင်တာအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ၏ ရွေးကောက်ပွဲ ခုံရုံး အမှုတွဲများကိုဆက်လက်လေ့လာလျက်ရှိပြီး ရွေးကောက်ပွဲအလွန်လေ့လာရေးလုပ်ငန်းများကိုဆက်လက်လုပ်ဆောင်လျက်ရှိပါသည်။ အသစ်တက်လာမည့်အစိုးရ အတွက် ရွေးကောက်ပွဲဆိုင်ရာအကြံပြုချက်များပါဝင်သည့် ၂၀၁၅ ရွေးကောက်ပွဲ အစီရင်ခံစာ ကို မကြာမီလအနည်း ငယ်အကြာတွင် ထုတ်ပြန်မည်ဖြစ်သည်။

**ကာတာစင်တာ**

ကာတာစင်တာကို နိုဘယ်လ်ဆုရှင် အမေရိကန် သမ္မတဟောင်း ဂျင်မီကာတာ နှင့် ၎င်း၏ ဇနီးဖြစ်သူ ရိုဆယ်လင်း တို့ မှ ၁၉၈၂ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ကမ္ဘာတစ်ဝှမ်းတွင် ငြိမ်းချမ်းရေးနှင့် ကျန်းမာရေးတို့တိုးတက်ကောင်းမွန်လာစေရေး ဦးတည်ချက်ဖြင့် တည်ထောင် ခဲ့ခြင်း ဖြစ်ပါသည်။ ကာတာစင်တာ အနေဖြင့် လူ့အခွင့်အရေး၊ ဒီမိုကရေစီ ရှင်သန် အား ကောင်းရေး နှင့် ကမ္ဘာ တစ်ဝှမ်းရှိ လူမှု နေထိုင်မှုဘဝ ကောင်းမွန်ရေး တို့အတွက် အထောက်အကူ ဖြစ်စေရန် ရည်ရွယ် ဆောင်ရွက်ခဲ့ပါသည်။ ကာတာစင်တာသည် တိုက်ကြီး ၄ တိုက်မှ ရွေးကောက်ပွဲပေါင်း (၁၀၀) ကို စောင့်ကြည့် လေ့လာ ခဲ့ပြီး ဖြစ်ပါသည်။ ကာတာစင်တာသည် အစိုးရ မဟုတ်သည့် အဖွဲ့အစည်း (NGO) တစ်ခု ဖြစ်ပါသည်။

ကာတာစင်တာ အကြောင်းပိုမိုသိရှိ လေ့လာလိုပါက www.cartercenter.org တွင်လေ့လာနိုင်ပါသည်။